



## အသုဘစက်ဝိုင်း




**ဒလံရှင်းနယ်မြေများ**

- စစ်ကိုင်းတိုင်း၊ ယင်းမာပင်၊ သီးကုန်းကျေးရွာ (၂)
- မန္တလေးတိုင်း၊ စဉ့်ကူး (၁)
- စစ်ကိုင်းတိုင်း၊ ပုလဲ၊ ကမ္ဘာရပ်ကျေးရွာ (၁)
- ပဲခူးတိုင်း၊ ပေါင်းတည်၊ ဟသ်ာကန်ရပ်ကွက် (၁)
- ရခိုင်၊ သံတွဲ၊ ဆင်ခေါင်းကျေးရွာ (၁)
- မြင်းခြံမြို့ပေါ် (၁)၊ ရွှေပေါက်ကျွန်းကျေးရွာ (၁)
- ပဲခူးမြို့ (၁)
- လှိုင်ကော် (၁)
- စစ်ကိုင်းတိုင်း၊ ရွှေဘို (၁)၊ ပုလဲမြို့ (၂)၊ ခင်ဦးမြို့ (၁)

**ဒလန်အမျိုးအစား**

| | |
|---|---|
| ကြံ့ဖွတ် | - ၁ |
| ပျူစောထီး | - ၃ |
| အုပ်ချုပ်ရေးမှူး | - ၁၀ |

**တိုက်ပွဲဖြစ်ပွားခဲ့သည့်နယ်မြေများ**

- ဖားကန့်၊ ကပ်မော်ကျေးရွာ။ - မြဝတီမြို့။ - စစ်ကိုင်း၊ ကောလင်းမြို့။
- စစ်ကိုင်း၊ မင်းကင်း။ - ထီးချိုင့်။ - ချင်း၊ ထန်တလန်မြို့။
- မကွေး၊ ဆောမြို့။

ဇူလိုင်လ ၁ ရက်နေ့မှ ၇ ရက်နေ့အထိသာရေးသတင်းပြဖယားဖြစ်ပါသည်။
တိကျခိုင်လုံသော သတင်းဌာနများမှ ဖော်ပြချက်များကို မိုလိုတော့ဗ်အဖွဲ့သားများက စုစည်းတင်ပြခြင်းဖြစ်ပါသည်။
ပြင်းထန်ဒဏ်ရာရစာရင်းများ ပုံးပေါက်ကွဲမှုကြောင့် သာရေးဖြစ်ခဲ့သည့် အချက်အလက်များကို နောက်အပတ်တွင် ဝေဝေဆာဆာဆက်လက်ဖော်ပြပေးသွားပါမည်။
တိကျပြီးလက်လှမ်းမှီသောအချက်အလက်များကိုသာ စုစည်းထားခြင်း ဖြစ်သောကြောင့် စာရင်းမသိရသော သာရေးသတင်းများကိုလည်း တွေးဆဝမ်းသာနိုင်ပါကြောင်း......






ဖက်ဆစ်စစ်တပ်မှ အာဏာသိမ်းထားတာ ရက်ပေါင်း (၁၅၈)ရက် ရှိပါပြီ။ ဇူလိုင်၊ ၂၀၂၁

# စိတ်ဓာတ်ကိုင်စွဲတိုက်ပွဲဝင်ကြ



၇.၇.၆၂
မမေ့ကြနဲ့

# တော်လှန်မေ

–ပြေကြီး



အညှိုအမဲစွဲနေတဲ့ ဒဏ်ရာဒဏ်ချက်တွေက
ရုတ်တရက် ထအော်တယ်
ဒါ တော်လှန်ရေး ...

ဆေးလိပ်မီးနဲ့ထိုးခံရတဲ့လက်ရိုးက
တဝုန်းဝုန်းထဆန့်တန်းတယ်
ဒါ တော်လှန်ရေး ...

ဆံပင်အုံကြားချုပ်ရိုးက
သွေးစိမ်းတစက် ဆတ်ခနဲကျအောင် ခေါင်းထောင်ပြတယ်
ဒါ တော်လှန်ရေး ...

ရင်ခွဲခံရတဲ့အလောင်းပေမယ့်
ဒူးခေါင်းတွေက ရာနှုန်းပြည့်ကောင်းတုန်းပဲတဲ့
ဒါ တော်လှန်ရေး ...

ဖိနပ်တွေသာပြုတ်သွားပြီး
လမ်းတွေက ပိုထင်ရှားလာတယ် ...

နေ့ရက်တွေသာသေဆုံးသွားပြီး
စိတ်ဓာတ်တွေက ရှင်သန်လာတယ် ...

မမေ့ပစ်နဲ့
ငရဲအထပ်ထပ်မှာ သူတော်စင်ရှိရိုးမရှိ။ ။

● ပြေကြီး





## တပတ်အတွင်း သတင်းကောက်နုတ်ချက်

**ဆဲဗင်းဂျူလိုင်အထိမ်းအမှတ် ဆန္ဒပြပွဲများကျင်းပ**

ဗကသများအဖွဲ့ချုပ်ဦးဆောင်တဲ့ GSC သပိတ် စစ်ကြောင်းဟာ ဇူလိုင် ၇ရက်နေ့က (၅၉) နှစ်မြောက် ဆဲဗင်းဂျူလိုင်နေ့ထိမ်းအမှတ် အနေနဲ့ "ဆဲဗင်းဂျူလိုင်စိတ်ဓာတ်ကိုင်စွဲတိုက် ပွဲဝင်ကြ"၊ "စစ်အာဏာရှင်စနစ်ကိုရရာနည်းနဲ့ အမြစ်ပြတ် ချေမှုန်းကြ"၊ "ဖက်ဆစ်စစ်တပ် အမြစ်ဖြတ်" စသဖြင့် ကြွေးကြော် ဆန္ဒပြခဲ့ကြပါတယ်။ မန္တလေး၊ မုံရွာ၊ ထားဝယ် အစရှိတဲ့ ဒေသတွေမှာလည်း ဆန္ဒပြပွဲတွေရှိခဲ့ပါတယ်။ ဇူလိုင် ၇ရက်နေ့ဟာ ဗမာ့စစ်အာဏာရှင်ဆန့် ကျင်ရေးသမိုင်းမှာ အထင်ကရရှိတဲ့ နေ့တရက် လည်းဖြစ်ပါတယ်။ ၁၉၆၂ ဒီလိုရက်မှာ ကျောင်း သားရာနဲ့ချီပြီး စစ်အာဏာရှင်လက်ချက်နဲ့ ကျ ဆုံးခဲ့ရပါတယ်။

**ကိုဗစ်ကူးစက်ပျံ့နှံ့မှုများကြောင့် အင်းစိန်ထောင်တွင်း ရုံးထုတ်စစ်ဆေးမှု ယာယီရပ်ဆိုင်း**

ကိုဗစ်ရောဂါ ကူးစက်ပျံ့နှံ့မှု အခြေအနေ များကြောင့် အင်းစိန်ထောင်တွင်း အထူးတရားရုံး၌ ရုံးထုတ်ခွင့်များကို ဇူလိုင် ၆ ရက် ကစ၍ ယာယီ ရပ်ဆိုင်း လိုက်ကြောင်း အမှုများကို လိုက်ပါဆောင်ရွက်ပေးနေသည့် ရှေ့နေများက ပြောသည်။

**ဒီပဲယင်းမှာ အာဏာသိမ်းတပ်က အရပ်သားတွေကိုပါ ပစ်ခတ်သတ်ဖြတ်နေ**

ဇွန်လ(၂)ရက်နေ့ကဖြစ်ပွားခဲ့တဲ့ ဒီပဲယင်း တိုက်ပွဲတွေမှာ အာဏာသိမ်းတပ်က အရပ်သားတွေကိုပါ ပစ်ခတ်သတ်ဖြတ်ခဲ့ပါတယ်။ အရပ်သားတွေ အပါအဝင် ကျေးရွာကာကွယ်ရေး တပ်ဖွဲ့ဝင် ၅၀ နီးပါး သေဆုံးနိုင်တယ်လို့ ဒေသခံ တွေက ခန့်မှန်းကြပါတယ်။ လက်ရှိမှာ ဒီပဲယင်းမြို့ အနောက်ဘက် ကျေးရွာ ပေါင်း (၁၁) ရွာကျော်က ပြည်သူ တသောင်း ကျော်ဟာ ထွက်ပြေးတိမ်းရှောင်နေရပြီး၊ စစ်ကောင်စီတပ်တွေဟာ ထွက်ပြေးတိမ်းရှောင် နေတဲ့ ပြည်သူတွေကို တောထဲထိ လိုက်လံပစ်ခတ် ဖမ်းဆီးမှုတွေ ပြုလုပ်နေတယ်။

**ဆက်သွယ်ရေးလုပ်ငန်း အမှုဆောင်အရာရှိများ နိုင်ငံမှ ထွက်ခွင့် စစ်ကောင်စီ ပိတ်ပင်**

မြန်မာ့ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းများတွင် လုပ်ကိုင်နေသည့် ပြည်ပဆက်သွယ်ရေး အမှုဆောင်များကို ခွင့်ပြုချက် မရှိဘဲ နိုင်ငံမှ ထွက်ခွာ သွားခြင်း မပြုရန် စစ်ကောင်စီက ပြောကြားထားကြောင်း Reutersသတင်း တပုဒ်က ဆိုပါတယ်။

**ကိုဗစ်-၁၉ ဆိုးရွားနေသည့် ကလေးမြို့တွင် အောက်ဆီဂျင်အိုးပြတ်လပ်**

မေလလယ်ကစတင်သည့် ကိုဗစ်တတိယလှိုင်းအတွင်း ကလေးမြို့တစ်ခုတည်းတွင် သေဆုံးသူ (၅၀၀)လောက်ထိရှိနေပါတယ်။ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီး တစ်နိုင်ငံလုံးအနေနဲ့ စုစုပေါင်း သေဆုံး သူ ၃၄၆၁ ယောက် ရှိခဲ့ပြီဖြစ်တယ်။ ပိုးတွေ့နှုန်း ၂၇ ရာခိုင် နှုန်းနီးပါး မြင့်တက်လာခဲ့ပါပြီ။

– အသက် ၁၈ နှစ်အောက် ကလေး (၂) ဦး အပါအဝင် (၂၆) ဦးမှာ သေဒဏ်ချမှတ်ခံထားရသည်။ (AAPP)
– ဖက်ဆစ်စစ်တပ်ကြောင့် အပြစ်မဲ့ပြည်သူ (စာရင်းရရှိ) ၈၉၄ ယောက် သေဆုံးခဲ့ရသည်။ (AAPP)
– ဖမ်းဆီးချုပ်နှောင်ခြင်းခံထားရသူ စုစုပေါင်း (၅၀၉၄) ဦးရှိပြီး ၎င်းတို့အနက်မှ (၂၄၁) ဦး မှာ ထောင်ဒဏ်ချမှတ်ခြင်းခံထားရသည်။
– အကြမ်းဖက်စစ်တပ်က ဖမ်းဆီးထားသည့် သတင်းသမား ၄၁ ဦး၊ ထောင်ဒဏ်ချမှတ်ခံရသူ ၆ ဦးရှိ။ ဖမ်းဝရမ်းထုတ်ခံထားရသည့် သတင်းသမားဦးရေ ၂၆ ယောက်ထိ ရှိနေပြီး လိုင်စင်အသိမ်းခံရတဲ့ သတင်းမီဒီယာ ၈ ခုထိရှိနေပါတယ်။

နောက်ဆုံးတခုပြောချင်တာက။ ‘ပါရာဒိုင်းအပြောင်းမှာ လူဟောင်း မူဟောင်းတွေနဲ့ အလုပ်မဖြစ်ဘူးဆိုတာပဲ။ ပါရာဒိုင်း ကိုပြောင်းနိုင်တာက လူသစ်တွေပဲဖြစ်တယ်။ PDF များအောင်ပွဲအဆင့်ဆင့်ရနိုင်ကြပါစေ။

Q တရုပ်နဲ့ ရုရှားအခြေအနေနဲ့ မြန်မာပြည်အရေးမှာ စစ်ကောင်စီဘက်ကရပ်နေမှုအပေါ် ဆရာ့အမြင်သိချင်ပါတယ်။

A ဒါကတော့ဗျာ နွေဦးတော်လှန်ရေးကို ထောက်ခံသူနဲ့ စစ်အာဏာရှင်ဆန့်ကျင်သူတိုင်းမှာရှိတဲ့ ခံစားချက်အတိုင်းခံစားရတာပေ့ါ။ ပြောရရင်တော့ တရုပ်ဟာ အရင်းရှင်ဝိဉာဉ်နဲ့ ကွန်မြူနစ်သဘောတရား အယောင်ဆောင်ထားတဲ့နိုင်ငံလို့ မြင်ပါတယ်။ နယ်ချဲ့စိတ်ကလည်းရှိတယ်။ အင်အားနဲ့အနိုင်ကျင့်လိုစိတ်ကလည်းရှိနေတယ်။ အိန္ဒိယနဲ့လည်း နယ်စပ်ပြဿနာအကြောင်းပြုပြီး အခုထိနယ်ချဲ့နေတုန်းပဲလေ။ အိန္ဒိယပြန်ကြားရေးသရုံးက ၁၉၆၃ ခုနှစ်ထဲမှာ ‘တရုပ်တို့၏ခြိမ်းခြောက်မှု’ဆိုပြီး စာအုပ်တောင်ထုတ်ခဲ့ ဖူးသေးရဲ့။ မြန်မာနိုင်ငံလည်း ‘ဖီမော်၊ ဂေါ်လန်၊ ဂန်ဖန်’ နယ်သုံးနယ်ကို ဒီလိုပဲနယ်ချဲ့သွားခဲ့တာ။ သူ့အတွက်အကျိုးမရှိရင် ကွန်မြူနစ်ပါတီချင်းလည်း ငဲ့စောင်းမကြည့်ခဲ့တာ ‘ဗကပ’တွေကပိုသိမှာပေ့ါဗျာ။ နောက်ဆုံး သူမလိုတော့‘ဝ’တွေကို မြှောက်ပေးပြီး ‘ဗကပ’ကိုပုန်ကန်လိုက်စေတာပဲမဟုတ်လား။ ဒီလိုပြောရင် တရုပ်ကွန်မြူနစ်ကို အဖေခေါ်ချင်တဲ့ကောင်တွေနဲ့ ပြဿနာပဲဗျ။ ကျနော်က တရုပ်နဲ့ပတ်သက်ရင် တိဘက်ကျူးကျော်ပုံကအစ ရှာဖွေမှတ်သားထားတာတွေ ရှိတယ်။ မအားလို့ မလုပ်ဖြစ်သေးတာ။ အဆုံးသတ်ပြောရရင် တရုပ်ရော၊ ရုရှားရောဟာ ‘ကွန်မြူနစ်ကိုယ်ကျင့်တရားထက် ကိုယ်ကျိုးစီးပွားပဲကြည့်တဲ့ ကိုယ်ကျင့်တရားဝါဒီ’တွေပေ့ါဗျာ။ သက်သက်ညှာညှာပြောရရင် ‘ပရက်ကမက်တစ် ကွန်မြူနစ်(Pragmatic Communist) တွေပေ့ါဗျာ။

Q စစ်ရေးအရ တိုက်ပွဲဝင်တိုက်ပွဲပြင်နေတဲ့ တော်လှန်ရေးတပ်ဖွဲ့တွေအနေနဲ့ သတင်းနဲ့ ပြန်ကြားရေးကို ဘယ်လောက်အလေးထားသင့်လဲ။ အဲ့ဒီအကြောင်းဆောင်ပါးရေးဖို့ရှိလား။

A တိုက်ပွဲဝင်မယ့်ရဲဘော်တွေအနေနဲ့ သတင်းနဲ့ပြန်ကြားရေးဟာ အထူးအလေးထားလုပ်ဆောင်ရမှာဖြစ်တယ်။ သတင်းမှန်ကန်ဖို့လည်းလိုတယ်။ အရေးပါလို့လည်း စစ်သတင်းထောက်ဆိုတာ ရှိလာတာပေ့ါ။ မီဒီယာတွေအပြင် ကိုယ်ပိုင်တပ်ရဲ့ စစ်သတင်းထောက်ရှိကိုရှိနေရမယ်။ ကင်မရာတွေမပေါ်ခင်ကဆို စစ်ပန်းချီဆရာတွေကို တပ်နဲ့အတူခေါ်လာလေ့ရှိတယ်။ တိုက်ပွဲဝင်တွေနဲ့ ပြန်ကြားရေးကို သပ်သပ်ခွဲလုပ်သင့်တယ်။ တကယ့်စစ်မြေပြင်ဆင်းပြီး တိုက်ပွဲဝင်တဲ့သူက စာမျက်နှာတွေ မီဒီယာတွေပေါ် မတက်သင့်ဘူး။ လောလောဆည်တော့ ဒီအကြောင်း ဆောင်းပါးရေးဖြစ်ဦးမယ်မထင်ဘူးဗျ။

Q ရင်သွေးလေးတွေကို တိုင်းပြည်အတွက်ပေးဆပ်ထားရတဲ့ မိဘတွေကို ဆရာအနေနဲ့ ဘာများပြောလိုပါသလဲ။

A ပြောချင်တာပေ့ါဗျာ။ ပထမဆုံးဝမ်းနည်းကြောင်းနဲ့ စာနာကြောင်းပေ့ါ။ သာမန်အရပ်ထဲမှာ ပြောတဲ့ ဝမ်းနည်းခြင်းမျိုးနဲ့မတူတဲ့ ကြေကွဲခြင်းမျိုးပေ့ါ။ သေကွဲကွဲရတာရှိသလို ရှင်ကွဲကွဲရတာတွေလည်း ရှိပါတယ်။ ပေးဆပ်ရတယ်ဆိုတာထက် သူတို့လေးတွေရဲ့ရွေးချယ်မှုကို ကျနော်တို့မိဘတွေအနေနဲ့ နားလည်တန်ဖိုးထားပေးကြရမှာ။ ဗန်းမော်တင်အောင်စကားလိုပေ့ါ။ ‘သူ့ခေတ်သူ့ကာလက သူ့ပုခုံးပေါ်တင် ပေးလိုက်တဲ့ တာဝန်ကို သူကျေအောင်ထမ်းရွက်သွားတယ်’လို့ပဲ နားလည်တန်ဖိုးထားပေးကြရမှာပါ။ စစ်အာဏာရှင်ချုပ်ငြိမ်းသွားပြီးချိန်မှာ ကျဆုံးတွေနဲ့ မိခင်တွေကို အထူးတလည်ဂုဏ်ပြုလို့ မြို့တိုင်းမှာ အာဇာနည်ပန်းခြံတွေနဲ့နဲ့ ဂုဏ်ပြုထားကြရမှာပါ။ အခုတော့ ဒီလောက်နဲ့ပဲ နှုတ်သိမ့်လိုက်ပါရစေတော့။





# သံပုံးသံကြောင့် ကျိုးလန့်သေနိုင်တယ်



ဇော်ဝင်း
၈၈ ဗကသ

ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ကယားပြည်နယ်တို့မှာ အရပ်သားလူထုတွေက ရရာလက်နက်ဆွဲကိုင်ပြီး စစ်ကောင်စီကို တော်လှန်တိုက်ခိုက်တဲ့တိုက်ပွဲတွေ ထွက်ပေါ်လာတယ်။ မင်းတပ်တိုက်ပွဲ၊ တမူးတိုက်ပွဲ၊ ဟားခါးတိုက်ပွဲ၊ မိုးဖြဲတိုက်ပွဲ၊ ပင်လည်ဘူးတိုက်ပွဲ၊ ယင်းမာပင်တိုက်ပွဲ၊ ကနီတိုက်ပွဲ၊ မြင်းခြံ၊ တလုပ်မြို့တိုက်ပွဲတွေမှာ တခါမှ စစ်မတိုက်ဖူးတဲ့ သာမန်အရပ်သားတွေက တူမီးလိုသေနတ်တွေကိုင်ပြီး တိုက်တာကိုတောင်မှ စစ်ကောင်စီစစ်သားတွေဟာ အရှုံးကြီးတွေ ရှုံးခဲ့ကြရတယ်။

အရပ်သားတွေဟာ လက်နက်အင်အားကွာခြားမှုကြောင့် နေရာကို ကြာရှည်သိမ်းမထားနိုင်ပေမဲ့ တိုက်ပွဲတိုင်းမှာ နိုင်တာချည်းပဲ။ စစ်သားတွေဟာ စစ်တိုက်ဖို့ သေသေချာချာလေ့ကျင့်ထားတယ်။ တပ်ကိုစနစ်တကျဖွဲ့စည်းထားတယ်။ လက်နက်တွေက အဆများစွာသာတယ်။ စစ်ရေးအတွေ့အကြုံလည်းရှိတယ်။

ဒါနဲ့တောင် စစ်သားတွေ ဘာ့ကြောင့်နေရာတိုင်းမှာ ရှုံးသလဲ။ KIA ၊ KNU တို့လို အတွေ့အကြုံများတဲ့ လူမျိုးစု တော်လှန်ရေးသမားတွေကိုတောင် ဒီလောက် ဝက်ဝက်ကွဲမရှုံးဘဲ အရပ်သားတွေရဲ့ တူမီးနဲ့ကျမှ မရှုမလှ ခွက်ခွက်လန်အောင်ရှုံးရတာ သိပ်အံ့သြစရာကောင်းတယ်။

သိပ်အံ့သြစရာကောင်းလွန်းလို့ လေ့လာကြည့်တဲ့အခါ ကြေးစားစစ်သားတွေရှုံးရခြင်း အကြောင်းရင်းတော်တော်များများကို တွေ့ရတယ်။

အကြောင်းရင်းတော်တော်များများအနက် အဓိကအကြောင်းက ဘာလဲဆိုတော့ “ကြောက်လို့”ရှုံးတာပဲ။

စစ်သားတွေပစ်လို့ခတ်လို့ လူတွေ ကြောက်ပြီး မြို့ရွာစွန့်ပြေးရတာကို လူထုအချင်းချင်း မြင်ကြသိကြတယ်။ ဒါပေမဲ့ စစ်သားတွေစိတ်ထဲမှာ တစိမ့်စိမ့် ကြောက်လန့်နေတဲ့ အားငယ်စိုးရွံ့မှုကိုတော့ စစ်မတိုက်ဖူးတဲ့ လူထုက အလွယ်တကူ မသိမြင်ကြဘူး။ အဲဒါကြောင့် စစ်သားတွေဟာ တိုက်ရည်ခိုက်ရည် သိပ်ညံ့ဖျင်းလာလို့ရှုံးတာပဲလို့ ထင်တတ်ကြတယ်။ စစ်သားတွေ တိုက်ရည်ခိုက်ရည် ကျလာတာလည်း မှန်ပါတယ်။ ဒါပေမဲ့ အဆိုးဆုံး ကျရှုံးရတဲ့ အကြောင်းရင်းကတော့ ကြောက်နေကြလို့ပဲ။

ဘာကိုကြောက်သလဲဆိုတော့ လူထုထောက်ခံမှုကို ကြောက်တာပဲ။ သံပုံးသံတွေ၊ လမ်းပေါ် ရေးထားတဲ့ စာတွေ၊ လမ်းပေါ် ချီတက်ပြထားတဲ့လူထုတွေ၊ ကျည်ဆန်ကိုတောင် မကြောက်မရွံ့ နောက်မတွန့်တဲ့လူငယ်တွေကို သူတို့ ကြောက်နေတာ။ သူတို့ဟာ အထီးကျန်ဖြစ်နေပြီး တူမီးကိုင်ထားတဲ့ အရုပ်သားတွေဘက်မှာ လူထု တရပ်လုံးရှိနေတယ်ဆိုတဲ့ အသိက သူတို့ကို ကြောက်စိတ်ပေါ် ပေါက်စေတာပဲ။ သူတို့စစ်သားတွေကို သူတို့ မိဘတွေ၊ ညီအစ်ကို၊ မောင်နှမတွေကတောင် မထောက်ခံဘူးဆိုတာသူတို့သိတယ်။ အရပ်ထဲမှာ လိုက်စုံစမ်းကြည့် ပါ။ သံပုံးတီးနေတဲ့ စစ်သားနှမတွေ၊ စစ်သားအစ်ကိုတွေ၊ စစ်သားဦးလေးတွေ တပုံတပင်ရှိတယ်။ ဒါကို ကျနော်တို့ထက် သူတို့က ပိုသိတယ်။ တူမီးကိုင်တော်လှန်ရေးသမားတွေအတွက် အလှူငွေကောက်ပေးနေကြတဲ့သူတွေ ထဲမှာ စစ်သားတွေရဲ့ ဆွေမျိုးတွေပါတယ်။ ဒါတွေကို သူတို့ပိုသိတယ်။

သူတို့လုပ်ရပ်ဟာ မှားနေတယ်ဆိုတာ သူတို့သိတယ်။ သူတို့ရဲ့ စစ်ခေါင်းဆောင်တွေဟာ အင်မတန် တကိုယ် ကောင်းဆန်စွာနဲ့ သူတို့ကိုယ်ကျိုးအတွက် စစ်သားတွေကို အသေခိုင်းနေတယ်ဆိုတာ သူတို့သိတယ်။ သူတို့လည်း မတွေးမခေါ် တတ်တဲ့သူတွေမှမဟုတ်ပဲ။ သိတာပေါ့။ အဲသလိုသိတဲ့အတွက် သူတို့ဟာ ဒီစစ်ပွဲကို မတိုက်ချင်ဘူး။ ဒါပေမဲ့ မတိုက်ဘဲ မနေရလို့တိုက်နေရတယ်။ အဲဒါကြောင့် သူတို့ယုံကြည်မှုပျက်ပြားကြတယ်။ ဒါ့အပြင် လမ်းပေါ် ထွက်တာနဲ့ အိမ်တိုင်းပေါ် ကနေ လူတိုင်းက သူတို့ကို သေနတ်နဲ့ချိန်ထားတယ်လို့ ခံစားနေကြရတယ်။

လူတိုင်းရဲ့မျက်လုံးတွေထဲမှာ အမုန်းတွေကို သူတို့မြင်နေရတယ်။ လူတွေက သူတို့ကိုဘယ်လိုကြည့်နေ တယ်ဆိုတာ သူတို့မသိဘဲနေမလား။ တိရစ္ဆာန်လေးတွေတောင် သူတို့ကို လူတွေက ဘယ်လိုမျက်လုံးနဲ့ကြည့် သလဲ ဆိုတာ ကောင်းကောင်းသိတယ်။ သူတို့က လူတွေပဲ။ မသိဘဲဘယ်နေမလဲ။ လူတွေရဲ့အမုန်းတွေဟာ သူတို့ နှလုံး သားတွေထဲကို မြားတွေ၊ ဓားတွေလို စူးဝင်ကြတယ်။ သူတို့သိပ်ကြောက်တယ်။ ကြောက်လွန်းလို့ ကြောက်ကန် ကန်ပြီး လူတွေကို အော်ကြငေါက်ကြ၊ သေနတ်ပြခြိမ်းခြောက်ကြပေမဲ့ သူတို့အကြောက်မပြေဘူး။ အော်လိုက် ငေါက်လိုက်တဲ့အခါ အပေါ်ယံမှာ အကြောက်ပြေသလိုဖြစ်သွားပေမဲ့ ရင်အတွင်းထဲမှာ သူတို့မသိလိုက်ဘဲ အကြောက် စွဲသွားတယ်။ စိတ္တဇအဖြစ် အိပ်ရာထဲအထိပါသွားကြတယ်။ သူတို့ရဲ့ သိစိတ်မှာ ငါမကြောက်ဘူးလို့ တင်းထားသည့်တိုင်အောင် မသိစိတ်အလွှာလေးထဲမှာ ကြောက်စိတ်ဟာ စိုက်ဝင်နေတယ်။

အဲဒီကြောက်စိတ်ကြောင့် သူတို့စစ်ရှုံးကြတာပဲ။

ဒါ့အပြင် သူတို့စစ်ကူလာပြီဆိုရင် လမ်းပေါ် တွေ့တဲ့လူတိုင်းက တော်လှန်ရေးပြောက်ကျားတွေဆီ ချက်ချင်းဖုန်းဆက်သတင်းပို့ကြတယ်။ တော်လှန်ရေးပြောက်ကျားတွေရှိတဲ့နေရာကိုတော့ ဘယ်ပြည်သူကမှ သူတို့ကို





## “စစ်ရေးစစ်ရာကို အခန်းဆက်ရေးသားနေသူ မိုးလိုတောမ်၏ ပင်တိုင်ဆောင်းပါးရှင် ဘိုးဒေါင်းနှင့်မေးမြန်းခန်း”




Q ဆရာဒေါင်းအနေနဲ့ ကျနော်တို့ဆီမှာ “စစ်ရေးစစ်ရာမှတ်စုများ”ကို တဒါဇင်ကျော်လောက် အပိုင်း ဆက်တွေ ရေးခဲ့ပြီးပြီ။ ဒီဆောင်းပါးတွေရေးနိုင်ဖို့အတွက် ရှေ့မှာ ဘယ်လောက်ထိဖြတ်သန်းခဲ့ရလဲ။

A တကယ်တော့ ကျနော်ဟာ စစ်ရေးစစ်ရာနဲ့ အလှမ်းဝေးသူတယောက်ပါ။ ဒါကြောင့် စစ်တိုက်တဲ့အတွေ့အကြုံလည်းမရှိခဲ့ပါဘူး။ ဒါပေမယ့် ကျောင်းသားဘဝတုန်းက ဒုတိယ ကမ္ဘာစစ်အကြောင်းကို စိတ်ဝင်စားခဲ့သလို ‘မြန်မာ့ စစ်တုရင်ကစားနည်း’ကိုလည်း စိတ်ဝင်စားခဲ့တယ်။ အဲ့ဒီကနေ စစ်အခင်းအကျင်းတွေကို အနည်းငယ် လေ့လာကြည့်ခဲ့ဖူးတယ်။ အခုကာလ လိုအပ်ချက်ကြောင့် ဖေဖော်ဝါရီလကတည်းက မြန်မာပြင်စစ်မြေ ပြင်မှာ ဂျပန်နဲ့ အင်္ဂလိပ်တို့ ‘ဘယ်လိုစစ်ရေးစစ်ရာအခင်းအကျင်းတွေနဲ့တိုက်ခဲ့သလဲ’ဆိုတာကို အသည်းအသန် လေ့လာပြီး ဖတ်ထားလေ့လာထားတာလေးကို အခုလို ပြန်လည်ဖောက်သည်ချဖြစ်သွားတာပါ။


Q စစ်ရေးစစ်ရာလက်တွေလုပ်နေကြတဲ့ လူငယ်တွေမှာ ဘာလိုအပ်ချက်ရှိနေသေးတယ်လို့မြင်လဲ။

A လက်နက်ကိုင်တိုက်ပွဲဝင်မယ့် ရဲဘော်တွေမှာ စစ်သင်တန်းသာမက သဘောတရားရေးဆိုင်ရာ သင်တန်းပါ ပေးအပ်ဖို့လိုတယ်။ ဆိုပါစို့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုရဲ့ အခြေခံသဘော၊ စစ်အာဏာရှင်တို့ ရဲ့ အနိုင်ထက်ပြုကျင့်မှု စတဲ့သမိုင်းဆိုင်ရာနဲ့ သဘောတရားတွေကို ထည့်ပေးကြဖို့လိုမယ်ထင်တယ်။ တချို့တော့ ဒီသဘောတရားတွေကိုသိပြီးဖြစ်မှာပါ။ ‘သဘောတရားခိုင်မှ ရည်ရွယ်ချက်ပန်းတိုင်ခိုင်တယ်’ ဗျ။ အဲ့ဒီ တချက်များ လိုနေသလားလို့။ ကျန်တာကတော့ တိုက်ပွဲအတွေ့အကြုံကနေ ရင့်ကျက်လာကြမှာပါ။ လက်ရှိ တော်လှန်ရေးကတော့ အားရစရာတွေနဲ့ အောင်မြင်မယ့်နိမိတ်တွေ မြင်နေရတယ်လို့ပဲပြောချင်တယ်။

Q NUG နဲ့ PDF ကိုဘာများပြောချင်လဲ။

A ဟဲဟဲ ပြောချင်တာကအများသား။ အချိန်တိုအတွင်းမှာ သံတမန်ရေးရာအောင်မြင်မှုက အားရစရာလို့ပြောရမယ်။ ဒါပေမယ့် စက်တင်ဘာလ ကုလသမဂ္ဂထိုင်ခုံရရေးဟာ နိုင်ငံတခုချင်းရဲ့သဘောထားနဲ့ဆိုင်နေတာကြောင့် တနိုင်ငံချင်းကို ထိတွေ့ဆက်ဆံ ဆွဲဆောင်စည်းရုံးဖို့အကြံပြုချင်တယ်။ PDF တွေကိုပြောချင် တာက လျှို့ဝှက်ချက်ကို အသက်နဲ့ထပ်တူ စောင့်ထိန်းဖို့။ မဆိုင်တာတွေကို မသက်ဆိုင်သူကိုပေးမသိနဲ့။ စပ်လည်း မစပ်စုနဲ့။ ကိုယ်နဲ့ဆိုင်တာပဲ အာရုံထား။ ချိန်းဆိုရာနေရာမှာ သတ်မှတ်ချိန်ထက် စောမရောက်နဲ့ သတ်မှတ်ချိန်ထက်လည်း နောက်မကျစေနဲ့။ ရန်သူအလစ်အငိုက်ကို အချိန်စောင့်ပြီးတိုက်ဖို့။ ရန်သူ အင်အားကြီးရင်ရှောင်။ အချိန်အကြာကြီး ဆွဲမတိုက်မိစေနဲ့။ ဘယ်သတင်းဌာနနဲ့မှ အင်တာဗျူးမလုပ်နဲ့။ ပြန်ကြားရေး ကပဲ လုပ်ပါစေလို့ပဲ အဓိကပြောချင်တယ်။ PDF ၊CDM နဲ့ မြို့ပြ ဆန္ဒပြအဖွဲ့တွေဟန်ချက်ညီဖို့လိုတယ်။

# "မျက်နှာဝါးပေးကြပါဆိုတဲ့လူအုပ်ကြီးနဲ့ ဆန္ဒပြပွဲရှေ့ရောက်မှ Mask ချွတ်ပြသူများ"




မျက်နှာတွေဝါးပေးကြပါ။ ကလေးတွေ ဒုက္ခများမယ်။ အဲ့ဒီမီဒီယာတွေက ဒလန်တွေလား မသိဘူး ဆိုပြီး ဆိုရှယ်မီဒီယာမှာ အရှဲ ပို့စ်နဲ့၊ အဆဲပို့စ်တွေရော ကွန်မန့်မှတ်ချက်တွေပါ တွေ့နေရပါတယ်။ ပြည်သူလူထုကြီးခမျာလည်း ရက်စက်ယုတ်မာလှတဲ့ စစ်အာဏာရှူးများရဲ့ ယုတ်မာရက်စက်မှုတွေကို လည်းသိ၊ ဂျန်ဇီးလေးတွေလမ်းပေါ် လှုပ်ရှားမှုတွေကိုလည်း အားပေးချင်ဆိုတော့ အိမ်ထဲကနေစိတ်ထိုင်ပူပေးနေကြရင်း နိုင်ရာ တာဝန်ကီးဘုတ်ဖိုက်တာလုပ်နေကြရပါတယ်။ အဲ ... အခြားတဖက်မှာတော့ ဂျန်ဇီးလေးများက ပွဲရှေ့ဆုံးရောက် မှ Mask ကိုချွတ်ချ၊ ပွဲရှေ့ကဘန်နာကို လက်ကြီးဆွဲဖိပြီး အတင်းမျက်နှာပြ။ ဒီနေ့ဘယ်မှာ ဆန္ဒပြခဲ့ကြောင်း ဖေ့စဘုတ်နဲ့ မိုင်ဒေးမှာတင်ကြနဲ့ ဆယ်လီဘလေတီလေးတွေဖြစ်ချင်နေကြသူတွေက မနည်းမနောပဲဗျို့။ ပေါ်ချင်လို့မှ ထွက်ပြကြတာကို ကီးဘုတ်ဖိုက်တာတို့က မီဒီယာမှာ ဝါးပေးပါ ဝါးပေးပါလုပ်နေတော့ ဘာနဲ့သွားတူနေသလဲဆို နော်ကို့ပေါ်အောင် လည်ဟိုက်ဝတ်လာတဲ့ သူ့စော်ကို သူ့ဘဲက အတင်းလိုက်ပြီး အကျီဆွဲတင်ပေးနေသလိုပဲဗျ။ စော်က ပြချင်လို့ဝတ်လာ ဘဲကအတင်းဆွဲတင်ပေး။ ပြချင်ပါတယ်ဆိုတဲ့စော်က ဟက်ကော့ ကြီးဖြစ် အဲ့လိုတွေဖြစ်နေကြတာဗျို့။ အားလုံးတော့မဆိုလိုပါဘူး။ တချို့ အဲ့လိုတွေမြင်နေရတာပဲဗျာ။

သရော်တယ်လှော်တယ်ဆိုတာလည်း တည့်ပေးချင်တာ၊ အမှန်မြင်စေချင်တဲ့ မောင်စိမ့်ရဲ့စေတနာပါဗျို့။ ဆန်ရင်းနာနာဖွတ်တဲ့ စကားပုံလည်း ရှိလေတယ်မလား။ ဖေဖော်ဝါရီကနေ မတ်လအထိကတော့ မျက်နှာဖော်လှုပ်ရှားတာက ဖိုင်းပါတယ်။ ခုနောက်ပိုင်းတော့ သိတဲ့အတိုင်းပဲ လမ်းပေါ်လူက နည်းသထက်နည်းလာတာနဲ့အမျှ စစ်ခွေးများဘက်က စုံစမ်းထောက် လှမ်းရတွေ လွယ်ကူလာတာပါပဲ။ မျက်နှာဖော်လုပ်ကြသူတွေကို နာမည်နဲ့တကွ လိုက်တယ်။ အိမ်ကို ဝင်စီးတယ်။ သားမတွေ့ ဖအေဖမ်း။ သမီးမတွေ့ မအေဖမ်း။ ဖအေမတွေ့သမီးဖမ်း။ ဖမ်းပြီးနောက်နေ့ အလောင်းလာထုတ် ဆိုတာတွေက မနည်းဘူးလေ။ ဒီကြားထဲ တမိသားစုလုံး ရှောင်နေရင်တောင် အိမ်ကိုဖျက်ဆီးဝင်မွှေပြီး ချိတ်ပိတ်လုပ်နေကြတာ အားလုံးအသိပါပဲ။ အဲ့ဒီအာဏာရှူးတွေကိုတော့ ခွေးထက်မိုက်တဲ့ကောင်တွေလို့တောင် ပြောလို့မရဘူး။ ခွေးလေးကမှ လူစိမ်းလာရင် ဟောင်ပေးသေးတယ်။ သူတို့က သူတို့အာဏာကို ထိပါးနှောင့်ယှက်ရင် သူတို့ကိုဆန့်ကျင် ပုန်ကန်ရင် လူစိမ်းတွေ ရောလူနီရော မခွဲဘူးဗျို့။ အဲ့ဒီတော့ဗျာ ထင်ပေါ်လိုစိတ်တွေမကြီးကြပါနဲ့လား။ ရေရှည်တိုက်ပွဲမှာ ခင်ဗျားတို့က အရေးကြီးတယ်။ ခင်ဗျားတို့က ဆက်သယ်ကြရမှာ။ ခင်ဗျားတို့ထိရင် မောင်စိမ့်ကိုထိတာပဲ။ ပြည်သူလူထုကိုထိတာပဲ။ တော်လှန်ရေးကိုထိတာပဲ။ မျက်နှာဝါးခိုင်းတဲ့ လူအုပ်ကြီးလည်း စိတ်သက်သာရာရအောင် မီဒီယာတွေလည်း ပုံတွေမှာ ဟိုတကွက်ဝါး ဒီတကွက်ဝါးလုပ်မနေရအောင်ႉ လုံလုံခြုံခြုံပြကြပါ။ ဆန္ဒကိုပြောတာနော် ဆန္ဒဗျို့ ... ဆန္ဒ

ဘေးကင်းလုံခြုံကြပါစေ ...။ ။

● မောင်စိမ့်





မပြောကြဘူး။ ဒါလည်း စစ်ရှုံးရခြင်း အကြောင်းတခုပဲ။

တော်လှန်နေတဲ့ အရပ်သားတွေက သူတို့ဟာ အမှန်တရားအတွက် တိုက်ပွဲဝင်နေတာဆိုတာသိတယ်။ သေရင်တောင် သူတို့သေခြင်းဟာ မြင့်မြတ်တယ်ဆိုတာသိတယ်။ သူတို့မှာယုံကြည်ချက်အပြည့်ရှိတယ်။ အနိုင်တိုက်မယ်ဆိုတဲ့ စိတ်ဓာတ်ရှိတယ်။ စစ်ကောင်စီစစ်သားတွေကတော့ သူတို့ဟာ မတရားလုပ်နေတာဆိုတာ သူတို့ဘာသာသိတယ်။ သူတို့ဟာ အထက်လူကြီးကိုကြောက်ပြီး မတရားတဲ့အလုပ်ကို ကိုယ်ကျိုးသက်သက်ကြည့်လုပ်နေတယ်ဆိုတာ သူတို့ဘာသာသိတယ်။ အဲဒီအသိက သူတို့ကို လိပ်ပြာငယ်စေတယ်။ သိမ်ငယ်စေတယ်။ မလုံမလဲဖြစ်စေတယ်။ ဒါဟာလည်း စစ်ရှုံးရခြင်း အကြောင်းရင်းပဲ။

စစ်ကောင်စီစစ်သားတွေဟာ သူတို့ရဲ့ ကြောက်စိတ်ကြောင့် မလွဲမသွေ ဆက်ပြီးရှုံးဦးမှာ။ တိုက်ပွဲပြင်းထန်လာရင် ကြောက်ပြီး ထွက်ပြေးကြဦးမှာ။

ဒီလက်နက်ကိုင်တော်လှန်ရေးကြီးမှာ တော်လှန်ရေးသမားတွေနိုင်မှာ သေချာတယ်။

ဒါပေမဲ့ ပြည်သူလူထုရဲ့ ထောက်ခံအားပေးမှုလိုတယ်။ ပြည်သူတွေ လမ်းပေါ်ထွက်ချီတက်ရင် ချီတက်သလောက် တိုက်ပွဲအတွက် အထောက်အကူဖြစ်လိမ့်မယ်။ လမ်းပေါ်ထွက်ဖို့ အခွင့်မသာသေးရင်တောင်မှ ကြွယ်ဝတဲ့ နည်းနာပေါင်းစုံနဲ့ လူထုထောက်ခံမှုကို ပြသနေကြဖို့လိုတယ်။

သံပုံးတီးတာ၊ လမ်းပေါ်တက်စာရေးတာ၊ လမ်းပေါ်ဆေးနီပက်တာ၊ လမ်းပေါ် ထဘီတန်း တန်းတာ၊ လူမဲ့ပိုစတာတိုက်ပွဲလုပ်တာ၊ ဟွန်းတီးသပိတ်လုပ်တာ၊ မော်တော်ကားသပိတ်လုပ်တာ၊ ညဘက်ဆီမီးထွန်းတာ စတဲ့ နည်းလမ်းပေါင်းစုံကို ပြည်သူတွေလုပ်ခဲ့ကြဖူးတယ်။ အဲဒီနည်းတွေအားလုံးကို အခွင့်သာရင်သာသလို သုံးကြဖို့ပဲ။ ကိုယ့်အချင်းချင်း အားပေးစည်းရုံးကြဖို့ပဲ။ ရံဖန်ရံခါမှာ လမ်းပေါ်ထွက်ချီတက်ဆန္ဒပြကြမယ်။ လူညီလာတဲ့အခါမှာ အရင်လို လူစုလူဝေးကြီးနဲ့ ပြန်ပြီး ဆန္ဒပြကြမယ်။

အခုဆိုရင် စစ်သားတွေ၊ ရဲတွေ၊ သူလျှိုဒလန်တွေဟာ ကြောက်စိတ်ဖိစီးလွန်းလို့ သူတို့နေရာလေးတွေကို သဲအိတ်တွေတောင်ကာပြီး ပုန်းနေကြရတာကို အားလုံးအမြင်ပဲ။ သေနတ်တွေကိုင်ပြီး သဲအိတ်နောက်ဝင်ပုန်းနေကြရတာဟာ သူတို့ ဘယ်လောက် ခြောက်ခြားနေတယ်ဆိုတာကိုပြတာပဲ။ ကားကိုတောင် သံဆန်ခါတပ်ပြီး မရှက်နိုင်လောက်အောင် ကြောက်နေကြတာကိုလည်း အများအမြင်ပဲ။


ကျနော်တို့ သူတို့ကို ပိုခြောက်ပေးရမယ်။ သံပုံးတချက်တီးလိုက်တာဟာ အလကားမဖြစ်ဘူးဆိုတာကို အားလုံးသိကြ သဘောပေါက်ကြဖို့ အရေးကြီးပါတယ်။ သံပုံးကျယ်ကျယ်တီးရင် ကျီးကန်းတွေလန့်ပျံတာ အားလုံးမြင်ဖူးကြတယ်။ အဲသလိုပဲ သံပုံးကို နာနာတီးရင် စစ်ခွေးတွေကြောက်ပြီး သေတတ်တယ်ဆိုတဲ့ သဘောတရားကို ပြည်သူတွေအားလုံး သိနားလည်ပြီး သံပုံး ညီညီညာညာ ပြန်တီးကြဖို့လိုပါပြီ။ ကျန်တဲ့နည်းလမ်းမျိုးစုံကိုလည်း အခွင့်သာရင်သာသလို အသုံးပြုပြီး တော်လှန်ရေးသမားလူငယ်တွေကို အားပေးဝန်းရံကြပါစို့။

● ဇော်ဝင်း(၈၈ ဗကသ)

# ဒဿနရေးဒဿနရော မှတ်စုများ

အပိုင်း-၁၃

× ဘိုးဒေါင်း ×




ဒီတပတ်တော့ 'ဒလန်'အကြောင်းအဓိကပြောချင်တယ်။ ဒလန်ဆိုတာ ဗမာစကားမဟုတ်။ ဟင်ဒီဘာသာစကား။ ဟင်ဒီလိုတော့ 'ဒလာလ်'လို့ပြောရရေးရမှာပါ။ သူ့အဓိပ္ပာယ်ကိုတော့ 'တစုံတယောက်၏အကျိုးအတွက် အခြားသူကိုလှည့်ဖျား၍ ဆောင်ရွက်ပေးသူ'လို့ဆိုပါတယ်။

ဒလန်ဆိုတဲ့ဝေါဟာရကို အသုံးပြုခဲ့ကြတဲ့နှစ်တွေကြာလာတော့ မြန်မာစကားတခုလို သုံးလာကြတယ်။ မြန်မာလို အားလုံးနားလည်နေတာက 'ဒလန်ဆိုတာ မိမိရပ်တည်လိုရာဘက်တခုရဲ့ အကျိုးအမြတ်အတွက် အခြားသော ဆန့်ကျင်ရာဘက်ရဲ့ အကျိုးယုတ်စေခြင်းငှာ သတင်းစုံးစမ်းထောက်လှမ်းပေးပို့သူ'ကိုခေါ်လာကြတာ။ အများနားလည်တဲ့စကားနဲ့ ပြောရရင်တော့ 'ရန်သူအတွက်သတင်းပေး သတင်းယူသူပဲ'။

ဒလန်ကို ရန်သူ့ဘက်က အဆင့်နိမ့်နိမ့်နဲ့ ငွေကြေး၊ လုပ်ပိုင်ခွင့် နည်းနည်းနဲ့ မွေးတတ်ကြတယ်။ သူတို့အဆင့်အတန်းက ရန်သူအသုံးပြုတဲ့ ရန်သူ့လူအဖြစ် ဦးနှောက်မရှိ ဆင်ခြင်တုံကင်းမဲ့တဲ့ ခပ်ညံ့ညံ့ကောင်တွေကို မွေးတတ်တယ်။ အခကြေးငွေနဲ့လုပ်ကြတာ။ ဒလန်ဆိုသူတွေ သေသွားလည်း ရန်သူအတွက် ဘာနှမြောတသခြင်း မှမရှိဘူး။ ဝမ်းလည်းမနည်းကြဘူး။ ဂုဏ်ပြုခံရတဲ့အဆင့်ရှိ သူတွေလည်းမဟုတ်ကြဘူး။

ဒလန်နဲ့ 'အားပေးထောက်ခံသူ'မတူကြဘူး။ ဒလန်က အခကြေးငွေမျှော်လင့်ချက်နဲ့ တဖက်ရန်သူကိုသတင်းပေးတာ။ 'တက်ကြွလှုပ်ရှားအားပေးထောက်ခံသူ'က ပုဂ္ဂလအကျိုးမျှော်လင့်ချက်ကြောင့်မဟုတ်ဘူး။ အမှန်တရားအတွက် တိုက်ပွဲဝင်သူတွေကို အားပေးပြီး ပံ့ပိုးထောက်ကူတဲ့သဘော။ အခကြေးငွေမပါဘူး။ ပြည်သူ့ဘက်တော်သားတွေ။ အများအကျိုးကိုမျှော်ပြီး လုပ်ကြတာ။ သူတို့ဟာ အားပေးထောက်ခံသူတွေသာဖြစ်ကြတယ်။သူတို့ဟာ 'ဒလန်'မဟုတ်ဘူး။ ပြည်သူကိုချစ်လို့ ကမ္ဘည်းတင်ပေးကြတဲ့သူတွေဖြစ်တယ်။ ဂုဏ်ပြုလေးစားထိုက်သူတွေဖြစ်တယ်။

အခုပြောချင်တာက 'ဒလန်'ဟာ 'သူလျှို'နဲ့မတူကြဘူး။ သူလျှိုတယောက်ဖြစ်ဖို့က ထိုက်သင့်တဲ့လေ့ကျင့်

ဆောင်းပါး



အဲ့ဒီလိုကောင်တွေကဘာနဲ့တူလည်းဆိုတော့ ငယ်ငယ်ကဖတ်စာအုပ်ထဲပါတဲ့ နှုတ်မစောင့်တဲ့ 'ဖိုးသောကြာ' လိပ်လိုကောင်မျိုးတွေပဲ။ သတိရလို့ ဖိုးသောကြာအကြောင်းပြောရဦးမယ်။ သတိပြုမိစေချင်လို့ပါ။

ဟိုးရှေးရှေးတုန်းက ရေကန်တကန်မှာ ဗျိုင်းနှစ်ကောင်နဲ့ ဖိုးသောကြာလို့ခေါ်တဲ့ ဖိုးရွှေလိပ်တို့မိတ်ဆွေသုံးဦးအတူနေကြသတဲ့။ တနေ့တခြား အဲ့ဒီရေကန်လေးဟာ ရေခန်းခြောက်လာတော့တယ်။ ဒီတော့ ဖိုးသောကြာအတွက် နေထိုင်စားသောက်ဖို့ အခက်အခဲဖြစ်လာတော့ မိတ်ဆွေဗျိုင်းနှစ်ကောင်ကလည်း အစာရေစာရှာပါးလာပြီး နေရာသစ်ရှာခဲ့ကြတယ်။ ကြာမျိုး ၅ မည်နဲ့ပြည့်စုံပြီး ကြီးမားစိမ်းစိုသာယာတဲ့ ကန်ကိုတွေ့ရတယ်။ အစာရေစာကလည်း ပေါများပါဘိ။ ကိုဖိုးသောကြာအတွက် စိမ်းစိုလန်းဆန်းသန့်မာတဲ့ထွားကျိုင်းတဲ့ ကန်စွန်းပင်တွေကလည်း ပေါပါဘိ။

အဲလိုနဲ့ ကိုရွှေဗျိုင်းနှစ်ကောင်လည်း မိတ်ဆွေဖိုးသောကြာကိုပြောပြတော့ ဖိုးသောကြာကလည်း လိုက်ပြောင်းမယ်ပေ့ါ။ "ဖိုးသောကြာကြီးကို ဘယ်လိုသယ်ကြမလဲ' သူကသွားပြန်တော့လည်း နှေးကွေးတယ်။ ဗျိုင်းလိုပျံလို့ကလည်းမရ။ နောက်ဆုံးတော့ ဗျိုင်းနှစ်ကောင်က ခိုင်ပြီးမာတောင့်တဲ့ တုတ်တချောင်းကိုကိုက်မယ်။ ဖိုးသောကြာက အဲ့ဒီတုတ်ရဲ့အလယ်ကို သူ့ပါးစပ်နဲ့ကိုက်ပြီးလိုက်ရမှာ။


ဒီတော့ ကိုရွှေဗျိုင်းက "ဖိုးသောကြာရေ သွားရာလမ်းမှာ ရွာကြီးတရွာကို ဖြတ်ရမယ်။ အဲ့ဒီရွာက ကလေးတွေက အစအနောက်သန်တယ်ဗျာ။ သူတို့ စတာနောက်တာကို ပြန်မပြောမိစေနဲ့။ တုတ်ကိုသာ ခိုင်ခိုင်မြဲမြဲကိုက်ထားပေတော့။ ခင်ဗျား ပါးစပ်ဟလိုက်တာနဲ့ သေပြီသာမှတ်ပေတော့။ ကျုပ်တို့လည်း ကယ်လို့မရဘူး။ ကျုပ်တို့ကလည်း တုတ်ကိုမလွှတ်တန်း နှုတ်သီးနဲ့ကိုက်ချီပြီးသွားမယ်။ တယောက်ယောက်ကို စကားပြန်ပြောတာနဲ့ ခင်ဗျားဘဝတော့သွားပြီ။ ဒီတော့ ခင်ဗျားကို ဘယ်လိုစစ ဘယ်လိုပြောင်ပြောင် စိတ်ဆိုးအောင်ဆွလည်း ဘာမှပြန်မပြောနဲ့။ တုတ်ကိုသာ ခိုင်ခိုင်မြဲမြဲကိုက်ထားပေတော့"ဆိုပြီး ခရီးဆက်နေရာပြောင်းဖို့ ပြင်ကြတော့တာပေ့ါ။

ရေကန်အဟောင်းကိုစွန့်ခွာပြီး ပျံသန်းလာခဲ့ရာမှာ နိဂုံးရွာကိုဖြတ်သန်းတော့ ထုံးစံအတိုင်း ရွာထဲက ကလေးတွေက "ဗျို့ ဖိုးသောကြာကြီး ကောင်းကင်ဘားကစားနေတာလား။ ဂျွမ်းထိုးပြပါဗျို့"လို့အော်သူအော်ဟစ်သူကဟစ်ပေ့ါ။ အစတော့ ဖိုးသောကြာကလည်း ငြိမ်နေသေးတယ်။ ဗျိုင်းနှစ်ကောင်ကတော့ ကလေးတွေစတာကို မကြားချင်ဟန်ဆောင်ပြီး ဆက်ပျံလာခဲ့တယ်။ မခံနိုင်အောင်စလွန်းတော့ လူကြီးကိုစရမလားဆိုပြီး "မိမဆုံးမ ဖမဆုံးမ ကလေးတွေ"လို့ အော်ဟစ်ဆဲဆိုချင်စိတ်ဖြစ်လာတယ်။ ဖိုးသောကြာဟာ စိတ်တိုလွန်းမကတိုလာလို့ သတိလက်လွတ်ဖြစ်ပြီးဆဲမလို့ ပါးစပ်ဟချိန်မှာပဲ တုတ်တန်းကနေလွတ်ပြီး မြေပြင်ကျဆုံးသွားခဲ့ပါတော့တယ်။

ကဲ ပုံပြင်လေးကတော့ ဒါပါပဲ။ ဒီနေ့ ပြည်သူ့ကာကွယ်စောင့်ရှောက်ရေးအင်အားစုတွေ၊ လူမှုကွန်ယက်အသုံးချသူတွေနဲ့ ထောက်ခံအားပေးပြီး ဆန္ဒပြတဲ့ပြည်သူလူထုတို့ဟာလည်း ဒီပုံပြင်အတိုင်းပါပဲ။ ပြောက်ကျားတော်လှန်ရေး အောင်မြင်ဖို့ဆိုတာ ပြည်သူထောက်ခံအားပေးမှုအပေါ် မူတည်ပါတယ်။ ထောက်ခံအားပေးဆန္ဒပြသူပြည်သူလူထုနဲ့ ပြောက်ကျားရဲဘော်တို့ဟာ ဗျိုင်းနှစ်ကောင်လို အနာဂတ်နိုင်ငံတော်သစ်ဆီ ချီမသယ်ဆောင်နေကြတာမို့ ကျန်အဖွဲ့အစည်းတွေ၊ လူမှုကွန်ယက်စာမျက်နှာပေါ်က တော်လှန်ရေးသမားတွေကလည်း "ဖိုးသောကြာ"လိုမဖြစ်ကြစေဖို့ သတိပေးတင်ပြလိုက်ရပါတယ်။

● ဟိန်းထက်ဇော်

ဆောင်းပါး



# ပြောက်ကျားတော်လှန်စစ်နဲ့ နည်းပြမကောင့်လို့မိုးသောကြတော့

"လျှို့ဝှက်ချက်ကို မျက်လုံးအိမ်လိုသဘောထားကြ"လို့တော့ အတော်များများက ပြောနေကြတာပဲ။ လျှို့ဝှက်ပြီးတော်လှန်ရေးလုပ်သူတွေကလည်း မီဒီယာပေါ်တက်ပြီး ဗျူးလိုဗျူးကြ။ ရန်သူကို အထင်သေးတာလား။ ဒါမှမဟုတ် ကြွားချင်နေလေရော့သလား။ သို့တည်းမဟုတ် ထင်ပေါ်ကျော်ဇောမှုကိုလိုချင်သလားဆိုတဲ့ တဲ့ စကားတွေနဲ့တော့ အပြစ်မတင်ရက်ခဲ့။

ဒါပေမယ့် ပြောစရာရှိတာလေး သတိပေးချင်တာလေးတွေကိုတော့ ချစ်သောစိတ်နဲ့ ပြောရဦးမယ်။ ရန်သူကို အလစ်အငိုက် တိုက်နေရချိန်မှာ ကြိုတင်သတင်းပေါက်လို့မရသလို စစ်ရေးလျှို့ဝှက်ချက်တွေလည်း မပေါက် ကြားအောင် အသက်နဲ့လဲပြီးစောင့်ရှောက်ကြရတယ်။ ပြောက်ကျားတပ်ဖွဲ့တာဝန်ခံဟာ တိုက်ပွဲဝင်နေတဲ့ကာလ တလျှောက်လုံး လူထုရှေ့ကို ပေါ်ပေါ်တင်တင် မထွက်ကြရပါဘူး။ ဘယ်သတင်းဌာနနဲ့မှ အင်ဗျူးတာလက် မခံနဲ့။

ကိုယ်နိုင်တော့မယ်၊ တော်လှန်ခရီးမှာ ရန်သူကို အပြတ်အသတ်အနိုင်ယူပြီး အပြီးသတ်အောင်ပွဲခံပြီးတဲ့နောက်မှ လူထုရှေ့ထွက်သင့်တယ်။ ဒါတောင်မှ တိုက်ပွဲဗျူဟာနဲ့ပတ်သက်ရင် ပေးပြောလေ့မရှိကြပါဘူး။ တိုက်ပွဲ ကာလတွေမှာ စကားနည်းကြပါ။ ကိုယ့်ပန်းတိုင်ကလွဲပြီး တခြားအာရုံမပျံ့စေနဲ့။ အင်တာဗျူးတာကိုရှောင်ကြပါ။ လူမှုကွန်ယက်စာမျက်နှာပေါ် မတက်ကြလေနဲ့။ ထင်ပေါ်ကျော်ကြားလိုစိတ်ကို ချိုးနှိမ်ကြပါ။

အခုတလော လူမှုကွန်ယက်တွေပေါ်မှာ သေနတ်လွယ်ပြီး တော်လှန်ရေးလုပ်သယောင်ယောင်တင်နေကြတာတွေကို တွေ့နေရတယ်။ အဲ့ဒီလူတွေက တကယ့်တော်လှန်သူတွေလည်းမဟုတ်ဘူး။ ရေပေါ်ဆီတော်လှန်ရေးတွေ။ တော်လှန်ရေးကိုဗန်းပြပြီး လုပ်စားမယ့်ကောင်တွေလို့မှတ်။ သူတို့ကို အထင်ကြီး အားကျစိတ်မဝင်မိစေနဲ့။ လူလေလူလွင့်တွေရဲ့အလုပ်ကို အားမကျမိစေနဲ့။ အဲ့ဒီကောင်တွေဖောက်ပြန်တဲ့အကြောင်းက စစ်ကြီးပြီးတာနဲ့ အမှန်တရားပေါ်ထွက်လာမှာ။ အခုမပြောသေးတာက တော်လှန်ရေးကာလမို့ပဲ။





မှု၊ ခံယူမှု၊ လေ့လာမှုရှိရတယ်။ ပြည့်တန်ဆာနဲ့ ဂေရှားမယ်မတူသလိုပဲ။ ပြည့်တန်ဆာက ဘာလေ့လာသင်ယူမှုမှမလိုဘူး။ ငွေပေးသူလာ ခေါ်သူအလိုကျ လိုက်လျောရုံပဲ။ ဂေရှားမယ်ကတော့ ထိုက်သင့်တဲ့ လေ့လာသင်ယူကျွမ်း ကျင်မှုရှိမှရနိုင်သလိုပဲ။ လာတဲ့ဧည့်သည်ချင်းလည်း ကွာတယ်။ ဒလန်ဟာ ပြည့်တန်ဆာအဆင့်ပဲ။

စစ်ရေးစစ်ရာမှာ 'သူလျှို'ကိုအသုံးပြုကြတယ်။ သူလျှိုဆိုတာ 'သတင်းကို လျှို့ဝှက်ထောက်လှမ်းသူ'ကိုခေါ်တာ။ ဒလန်ကျတော့ လျှို့ဝှက်ထောက်လှမ်းတာမဟုတ်ဘူး အရပ်တကာလှည့်ပြီး ကြားရ၊ မြင်ရ၊ တွေ့ရတာတွေကို သတင်းပေးတာ။ ကောလာဟလလည်း ပါချင်ပါမယ်။အမှန်တွေလည်း ပါချင်ပါမယ်။ သတ်မှတ်ချက်မရှိ။ ရသမျှ အကုန်သတင်းပေးတဲ့သူတွေ။ သတင်းတန်ဖိုးလည်း နားလည်တာမျိုးမဟုတ်ဘူး။ သူလျှိုကတော့ သူနဲ့ဆိုင်တဲ့ သတင်းတခုတည်းကိုပဲ အာရုံထားပြီး လေ့လာထောက်လှမ်းတာ။ ဒါပေမယ့် သတင်းပေးဒလန်တွေပေးတဲ့ အချက်ကိုလည်း ထည့်သွင်းစဉ်းစား မှတ်ယူကြတယ်။

သူလျှိုအသုံးပြုခြင်းကို စစ်ဖက်ပြိုင်ရာ နှစ်ဘက်စလုံးကအသုံးပြုကြတယ်။ သူလျှိုကိုအသုံးပြုပြီး ရန်သူထဲ ဝင်ရောက်ထိုးဖေါက်ခြင်းမှာ မူနဲ့နည်းနာဟာ အရေးပါတယ်။ ဒါနဲ့ပတ်သက်ပြီး 'ဆွန်ဇူး'က သတင်းအချက်အလက် စုဆောင်းရယူရာမှာ နတ်၊ တစ္ဆေ၊ ဂြိုလ်၊ နက္ခတ်၊ ဗေဒင်တို့အပေါ် ယုံကြည်တည်မှီ၍မပြုအပ်' လို့ဆိုတယ်။

'လူ၏ အသိအလိမ္မာ ဉာဏ်ပညာနှင့် အတ္တဘာဝ အားထုတ်ကြိုပမ်းမှုအပေါ်တွင် ယုံကြည်တည်မှီရမယ်။ စစ်ပွဲတရပ်အတွက် သူလျှိုသုံးခြင်းမှာ ကျင့်ဝတ်စည်းကမ်းကို ဖောက်ဖျက်ခြင်းမဟုတ်။ တပ်တတပ် စစ်ဆင်ရေးတရပ် ရှိကိုရှိရမယ့် လုပ်ကိုလုပ်ရမယ့် အလေးထားရမယ့် လိုအပ်ချက် လုပ်ဆောင်ချက်တရပ်ဖြစ်တယ်'လို့ ဆိုတယ်။

သူလျှိုရဲ့အရေးပါမှုကို ပေါ့ပေါ့ဆဆ အလေးဂရုမပြုသလို သဘောမထားရဘူး။ ရန်သူအကြောင်း အပြည့်အစုံကိုမသိရဘဲ အောင်ပွဲကိုရဖို့ ခက်ခဲနေတတ်တယ်။ ဗျူဟာအမှားကိုပြုမိတတ်တယ်။ အမျှော်အမြင်ရှိတဲ့ လူတကာတို့ရဲ့အောင်ပွဲထက် သာလွန်ထူးကဲမှုရှိနေတဲ့ စစ်သူကြီးဟာ ရန်သူအခြေခံအချက်အလက်တွေကို ကြိုတင်သိထားလို့ပဲဖြစ်တယ်။

သတင်းအချက်အလက်ဆိုတာ လူတွေဆီကပဲရနိုင်တယ်။ အထူးသဖြင့် ကိုယ့်ရန်သူရဲ့အကြောင်းကို ကောင်းစွာနားလည်တဲ့လူတွေဆီကပဲ ရနိုင်သိနိုင်တယ်။ ဒါကြောင့် သူလျှိုလုပ်မယ့်သူဟာ ရန်သူထိပ်ပိုင်းခေါင်းဆောင်နဲ့ နီးစပ်ရာဝန်းကျင်မှာ ကျင်လည်ကျက်စားနိုင်သူဖြစ်အောင် လုပ်ကြရတယ်။ ဝင်ဆံ့အောင်လုပ်ကြရတယ်။ အဓိကကတော့ ကာယကံနဲ့ ဝစီကံဟာ အထူးအရေးပါတယ်။ ဆိုလိုချင်တာက ကာယကံဖြစ်တဲ့ ဝတ်စားဆင်ယင်မှု၊ အနေအထိုင်၊ အပြုအမူ၊ ဥပမိရုပ်ကအစပေါ့။ ဝစီကံအရလည်း သိမ်မွေ့ပါးနပ်ဖို့လိုတယ်။

အဲ့လို သူလျှိုမျိုးရွေးချယ်စေလွှတ်ဖို့ ရွေးအခါကတော့ သူလျှို ၅ မျိုး ခွဲခြားလုပ်ဆောင်လေ့ရှိကြတယ်။ အရေးကြီးဆုံးအချက်ကတော့ သူလျှိုစီမံကိန်းမစရသေးခင်မှာ ပေါက်ကြားသွားခြင်းမရှိဖို့ပဲ။ ပေါက်ကြားတာကိုမသိလိုက်ဘဲ စေလွှတ်မိရင်လည်း တန်ပြန်သတင်းရဲ့ဒဏ်ကိုခံပြီး စစ်ပွဲကြီးတပွဲလုံး အဆုံးသတ်သွားနိုင်တယ်။ ပေါက်ကြားခဲ့ရင်တော့ သူလျှိုရော သူလျှိုအသိပေးသူပါ မညှာနဲ့ အဆုံးစီရင်ပစ်ပေတော့။ ညှာရင်ကိုယ့် တပ်ကြီးတခုလုံး ဆုံးရှုံးသွားပြီသာမှတ်။

နောက်တပတ်မှ သူလျှို ၅ မျိုးအကြောင်းဆက်ကြရအောင်။

● ဘိုးဒေါင်း




ဤတိုင်းပြည်ကား စစ်အာဏာရှင်တို့၏ ကိုယ်ကျိုးရှာစိတ်ထားကြောင့် စိစိညက်ညက်ကြေရတော့မည်။ ကိုဗစ်ကပ်ဆိုးကြီး အစပျိုးချိန်မှာပင် မင်းအောင်လှိုင်နှင့် စစ်အုပ်စုများသည် ဘယ်သူသေသေ ငတေမာပြီးရော သဘောထားကာ သူတို့အကျိုးသက်သက်အတွက် တိုင်းပြည်ကို နင်းခြေရက်စက်ခဲ့ကြသည်။

ဦးခေါင်းတည့်တည့်ကို ပစ်ခတ်သတ်ဖြတ်ခဲ့သည်များမှာ အလောင်းရေတွက်သူသာ မောပန်းလက်လျှော့ရသောအရာ တခုဖြစ်ခဲ့သည်။ လူကောင်း၊ လတ်လတ်ဆတ်ဆတ်၊ ကျန်းကျန်းမာမာများကို အိမ်တိုင်ရာရောက် အတင်းအဓမ္မ ရိုက်နှက်ခေါ်ယူကာ မနက်ခင်းတွင် အလောင်းလာယူလှည့်ဟု ဆွေမျိုးမိဘတို့အား အကြောင်းကြား ခေါ်ယူခဲ့ကြသည်မှာလည်း များပြားလှပြီ။

အဖေ့ရင်ခွင်တွင်ပွေ့ချီထားသော ၇ နှစ်သမီးကို ကြောက်ရကောင်းလားဟု မာန်မဲအော်ဟစ်ကာ သေနတ်ဖြင့် အသေပစ်သတ်ခဲ့ဖူးပြီ။ သူ့အမည်ကား ခင်မျိုးချစ်။ မီးရထားအိမ်ရာဝင်းအတွင်းဝယ် ဆော့ကစား နေသောကလေးကို ပြေးရကောင်းလားဟု အော်ငေါက်ကာ ဦးခေါင်းတည့်တည့်ကို ချိန်ရွယ်ပစ်ခတ်ခဲ့ဖူးပြီ။ သူ့အမည်ကား စိုင်းဝေယံ။ အမိရင်း၊ အဖရင်းတို့သည် သားအလောင်းကို မကောက်ဝံ့သောကြောင့် အနီးအနားမှ ချောင်းမြောင်းကြည့်ရှုခဲ့ကြရသည်။

တိုင်းစွန်ပြည်ဖျား၊ ငါတို့သွေးချင်းများ၏ အရပ်တို့တွင် နှစ်ပေါင်းများစွာ ဒင်းတို့ ရက်စက် ယုတ်မာလာခဲ့ကြဖူးသည်။ ရွာသားတို့ကို တံခါးအလုံပိတ်ကာ အိမ်ကိုမီးရှို့ခဲ့ကြဖူးသည်။ ရွာကိုမီးရှို့ကာ ထွက်ပြေးလာသော သားနှင့် မအေကို ဆီးကြို ပစ်ခတ်ခဲ့ကြဖူးသည်။ လင်ရှေ့တွင် မယားကိုစော်ကား၊ ဖအေရှေ့တွင် သမီးကို စော်ကားခဲ့ကြဖူးလေသည်။ ဖက်ဆစ်ဂျပန်တို့ ယုတ်မာရိုင်းစိုင်းသည်မှာ ဒင်းတို့၏ အစွန်းထွက်လောက်မျှသာရှိတော့သည်။





ယုတ်မာရိုင်းစိုင်းခြင်းအရာတွင် စစ်ရာဇဝတ်ကောင်များသည် တဖက်ကမ်းခတ်လောက်မျှ တေဒဂ်မြောက်ခဲ့ကြလေပြီ။ မုဒိမ်းကျင့်ခြင်းကို လက်နက်အဖြစ် သူတို့သုံးခဲ့ကြဖူးသည်။ ယခုအခါ ကိုဗစ် ၁၉ ကပ်ရောဂါကြီးကို လူသတ်လက်နက်သဖွယ်အသုံးပြုကာ ပြည်သူကို နှိမ်နင်းသတ်ဖြတ်ဖို့ ကြိုးစားပြင်ဆင်လာကြလေပြီ။

ဒင်းတို့ကို ဘာ့ကြောင့် ငါတို့မတော်လှန်ရမည်နည်း။

ဤအကြောင်းများကြောင့် ငါတို့သည် မင်းအောင်လှိုင်နှင့် ရာဇဝတ်ကောင်များအား စစ်ကြေညာလိုက်ပြီ။ ငါတို့သည် ရရာလက်နက်ကိုင်စွဲ ခုခံလိုက်ကြပြီ။ တော်လှန်ရေးဟူသည်ကား ရှောင်လွှဲမရသော တရားဖြစ်လာခဲ့ပေပြီ။

စစ်ကိုစစ်ချင်း စစ်ခင်းလျှင် တိုင်းပြည် စိစိညက်ညက်ကြေရုံသာရှိတော့မည်ဟု စစ်တပ်သုခမိန် တရားဟောဆရာတို့ကဆိုကြ၏။ သူတို့ဟောသောတရားကား ပါးနပ်လိမ္မာရှိလှစွာ၏။ စစ်ခင်းအံ့တုယှဉ်ပြိုင်သူမရှိလျှင် မျိုးဆက်များစွာကို ဒင်းတို့က ထပ်ကာထပ်ကာ နှိမ်နင်းချေမှုန်းနိုင်နေမည်သာ မဟုတ်လော။ ပါဂျောင်ငရဲခန်းတရားကို စစ်သုခမိန်များက အခန်းဆက် ဟောကြားကြသည်။ တော်လှန်ရေးကိုရှာဖွေလျှင် အခန့်မသင့်သောအခါ ဆီပူအိုးနှင့်ကြုံတတ်ကြောင်း သာဓကပြကြ၏။ ဆီပူအိုးထဲမသွားချင်နှင့်။ မီးပုံထဲသာ ပျော်ပျော်နေကြပါဟူသော စစ်ကျွန်တရားကို ပို့ချကြ၏။ စစ်ကိုစစ်ချင်း၊ စစ်မခင်းနှင့်၊ စစ်တပ်ကို အညံ့ခံ အလျှော့ပေးခြင်းသာ ငြိမ်းချမ်းစွာ ကျွန်သက်ရှည်နိုင်သောအရာဟူသောတရားကို စစ်သုခမိန်များက အမြှုပ်ထွက်လုမတတ်ဟောကြားကြ၏။

စစ်ကိုစစ်ချင်း စစ်ခင်းလျှင် တိုင်းပြည်စိစိညက်ညက်ကြေတော့မည်မှာ မှန်၏။ သို့သော် စနစ်ဟောင်းကို စိစိညက်ညက်ကြေအောင် နင်းခြေပြီးမှသာ စနစ်သစ်ကို ငါတို့ထူထောင်နိုင်ကြတော့မည်။ နောင်နှစ်ရာပေါင်းများစွာ ကျွန်စုပ်သည့်သရက်စေ့ပမာ မွဲပြာကျမည့်အရေးမှ သားစဉ်မြေးဆက် ကင်းဝေးဖို့ရာ စနစ်ဟောင်းကို စိစိညက်ညက်ကြေအောင် နင်းခြေရတော့မည်။ စစ်ကို ငါတို့ရှောင်၍မရတော့။ ငါတို့အဖို့မှာ လာမဲ့ဘေး ပြေးတွေ့ ရုံမှတပါး အခြားမရှိတော့။ အို မိခင်တို့ ဖခင်တို့။ မတားကြနှင့်။ လူငယ်တို့ဆောင်ရွက်လိုသော အဆုံးသတ်တိုက်ပွဲကို ဆင်နွှဲကြပါစေ။

ပြည်သူမနာစေလိုသောကြောင့် လမ်းပေါ်မထွက်ရဟူသော တရားကြောင့် ပြည်သူတို့ သားစဉ်မြေးဆက်ချီ ကျွန်သက်ရှည်ခဲ့ဖူးလေပြီ။ လမ်းပေါ်ထွက်လျှင် ပြည်သူနာမည်ဟူသော အဆုံးအမကြောင့် စစ်အာဏာရှင်တို့သည် ပြုံးပြုံးကြီး ကျွန်ပြုနိုင်ခဲ့ကြဖူးလေပြီ။

အမိတို့ အဖတို့။ သားနှင့်သမီးတို့အား မဟန့်ကြနှင့်။ စစ်ကိုမတားကြနှင့်။ စစ်မှတပါး တခြားမရှိပြီ။ တော်လှန်သောစစ်မီးကို တားဆီးသောအရာမှန်သမျှမှာ စစ်ဘီလူးတို့ကောင်းကျိုးကိုသာ ဖြစ်စေလိမ့်မည်။ တော်လှန်ရေးစစ်ပွဲအတွက် အထောက်အပံ့ဖြစ်စေသော အရာများကိုသာ သားတို့သမီးတို့ အားပေးကြလော့။

သည်မြေပေါ်မှာ မင်းအောင်လှိုင်နှင့်ငါတို့ အတူနေကြလို့မဖြစ်တော့။ ငါတို့သားသမီး၊ မြေးမြစ်များအား မင်းအောင်လှိုင်နှင့် အတူမထားကြနှင့်တော့။

ငါတို့အသက် မသေသေးသမျှ၊ မင်းအောင်လှိုင်နှင့် စစ်အာဏာရှင် လူယုတ်မာများအား သုတ်သင်ရှင်းလင်း တိုက်ခိုက်ကြရတော့မည်။ ဤကား သမိုင်းပေးတာဝန်ပင် မဟုတ်ပါလော။

● စိမ်းမြင့်(မန္တလေး)